ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ဘာသာကီနာဖာဆိုသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီအကြောင်း လေ့လာတင်ပြခြင်း

လေ့လာတင်ပြသူများ - (၁) ဦးအောင်ပိုင်
ညွှန်ကြားရေးမှူး
လုပ်ထုံးနှင့်သုတေသနဌာန
(၂) ဒေါ်လှဲ့ရည်ထွန်း
ဦးစီးအရာရှိ
သုတေသနနှင့်လေ့ကျင့်ဌာနခွဲ

၁၈-၁-၂၀၂၄

# မာတိကာ

- နိဒါန်း
- နိုင်ငံ၏ပထဝီအနေအထား
- နိုင်ငံ၏သမိုင်းအကျဉ်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏သမိုင်း
    - ၁၉၄၇ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
    - ၁၉၇၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
    - ၁၉၇၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ
    - ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
- ဥပဒေပြုရေး
- အုပ်ချုပ်ရေး

# မာတိကာ အဆက်


- တရားစီရင်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ စီရင်ပိုင်ခွင့်အာဏာ
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဖွဲ့စည်းပုံ
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ အမှုတင်သွင်းနိုင်သူများ
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီမှ ဆုံးဖြတ်ခဲ့သော အမှုအကြောင်း လေ့လာတင်ပြခြင်း
- နိဂုံး

# နိဒါန်း

- ဘာကီနာဖာဆိုသမ္မတနိုင်ငံ (ယခင်အထက်ဗော်လ်တာနိုင်ငံ)
- ပြင်သစ်ကိုလိုနီတို့၏ လက်အောက်ခံနယ်မြေ
- ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် လွတ်လပ်ရေးရရှိ
- ၁၉၈၄ ခုနှစ်တွင် နိုင်ငံအမည်ကို "အထက်ဗော်လ်တာ" မှ "ဘာကီနာဖာဆို" ဟု အမည်ပြောင်းလဲခဲ့
- ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် ပါဝင်
- ၁၉၆၀ ပြည့်နှစ်၊ ၁၉၇၀ ပြည့်နှစ်၊ ၁၉၇၇ ခုနှစ်နှင့် ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၄ ခု ပေါ်ပေါက်ခဲ့
- လက်ရှိကျင့်သုံးနေသော ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

# ပထဝီဆိုင်ရာအချက်အလက်အကျဉ်း

- အနောက်အာဖရိကတွင်တည်ရှိ
- မြောက်ဘက်နှင့် အနောက်မြောက်ဘက် မာလီနိုင်ငံ
- အရှေ့ဘက် နိုင်ဂျာနိုင်ငံ
- အရှေ့တောင်ဘက် ဘီနင်နိုင်ငံ
- တောင်ဘက် တိုဂိုနိုင်ငံနှင့် ဂါနာနိုင်ငံ
- အနောက်တောင်ဘက် အိုင်ဗရီကို့စ်နိုင်ငံ
- ဧရိယာစတုရန်းကီလိုမီတာ ၂၇၄,၂၀၀ ရှိ
- လူဦးရေ ၂၂.၄ သန်းကျော်ရှိ
- မြို့တော်မှာ ဝါဂါဒူဂူ
- ရုံးသုံးဘာသာစကားမှာ ပြင်သစ်



# ပထဝီဆိုင်ရာအချက်အလက်အကျဉ်း အဆက်

- ဘာသာစကားပေါင်း ၆ဂ ကျော်
- ၆၃.၈ ရာခိုင်နှုန်း- အစ္စလာမ်ဘာသာ၊ ၂၆.၃ ရာခိုင်နှုန်း - ခရစ်ယာန်ဘာသာ
- အသုံးပြုသောငွေကြေးမှာ အနောက်အာဖရိက CFA ငွေကြေး (West African CFA France)
- နိုင်ငံကို ပြည်နယ် ၄၅ ခု ခွဲခြားသတ်မှတ်ထား

# နိုင်ငံ၏သမိုင်းအကျဉ်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏သမိုင်း

- ဘီစီ ၃၆၀၀ မှ ဘီစီ ၂၆၀၀ အတွင်း မော်စီလူမျိုးများ စတင်အခြေချနေထိုင်ခဲ့
- အေဒီ ၃ ရာစုမှ ၁၃ ရာစုအတွင်း Bura ယဉ်ကျေးမှုသည် နိုင်ဂျာနှင့် ဘာကီနာဖာဆိုဒေသများတွင် ပျံ့နှံ့လာခဲ့
- ဝါဂါဒူဂူနိုင်ငံ ထူထောင်
- ၁၉ ရာစုနှောက်ပိုင်းတွင် ပြင်သစ်တို့သည် အဆိုပါဒေသများအပေါ် ထိန်းချုပ်နိုင်ခဲ့
- ၁၈၉၆ ခုနှစ်တွင် ဝါဂါဒူဂူနိုင်ငံကို ကိုလိုနီနယ်မြေအဖြစ် သိမ်းပိုက်ခဲ့

# နိုင်ငံ၏သမိုင်းအကျဉ်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏သမိုင်း အဆက်

- ၁၉၁၉ ခုနှစ်တွင် ဝါဂါဒူဂူနယ်မြေအား အထက်ဆီနီဂေါနှင့် နိုင်ဂျာတို့မှ သီးသန့်ခွဲထုတ်၍ အုပ်ချုပ်ခဲ့ကြ
- ၁၉၅၈ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကိုလိုနီနိုင်ငံဖြစ်လာခဲ့ပြီး ပြင်သစ် - အာဖရိက အသိုက်အဝန်း (Franco – African Community) သို့ ဝင်ရောက်ခဲ့
- ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပြီး အထက်ဗော်လ်တာ နိုင်ငံဟု သတ်မှတ်ခဲ့
- အထက်ဗော်လ်တာအမျိုးသားလွှတ်တော်သည် ၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့၊ Maurice Yameogo အား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့

# ၁၉၆၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

- နိုင်ငံတော်အကြီးအကဲအဖြစ် သမ္မတက ဆောင်ရွက်
- အမျိုးသားလွှတ်တော်တစ်ရပ်ဖွဲ့စည်းထားရှိ
- နိုင်ငံတော်သမ္မတနှင့် လွှတ်တော်၏သက်တမ်းသည် ၅ နှစ်ဖြစ်
- အထက်ဗောတာနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သော Yamego သည် အတိုက်အခံများ အားလုံးကို ဖယ်ရှားခဲ့ကာ ၁၉၆၅ ခုနှစ် ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိခဲ့
- ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ အစိုးရဆန့်ကျင်မှုများ ပေါ်ပေါက်- သမ္မတက အရေးပေါ် အခြေအနေကြေညာ - တပ်မတော်က အာဏာထိန်းသိမ်းခဲ့

# ၁၉၆၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အဆက်

- ၁၉၆၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရပ်ဆိုင်းသွားခဲ့၊ အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီး ဒုတိယဗိုလ်မှူးကြီး Aboukar Sangoule lamizana သည် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့
- တပ်မတော်မှအာဏာထိန်းသိမ်းစဉ်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲခဲ့ပြီး ၁၉၇၀ ပြည့်နှစ်၊ ဇွန်လ ၁၄ ရက်နေ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့
- ၁၉၇၀ ပြည့်နှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် အသက်ဝင်ခဲ့

# ၁၉၇၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

- ဒုတိယဗိုလ်မှူးကြီး Lamizana သည် စစ်ဘက်-အရပ်ဘက် ရောနှောအစိုးရပုံစံကို ဖော်ဆောင်ကာ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့
- ဂျီဟာတ်ဝါဒီများ၏ တိုက်ခိုက်မှုကြောင့် နိုင်ငံအခြေအနေမှာ ဆိုးဝါးလာခဲ့
- ၁၉၇၄ ခုနှစ်တွင် အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခဲ့
- ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ အစိုးရအသစ်တစ်ရပ် ဖွဲ့စည်းကြောင်း ကြေညာခဲ့
- ၁၉၇၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ ပဋိပက္ခများ ဖြစ်ပွားခဲ့သဖြင့် ၁၉၇၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ထပ်မံရေးဆွဲခဲ့ပြီး ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့

## ၁၉၇၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

- ၁၉၇၈ ခုနှစ်တွင် ပွင့်လင်း၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲကို ကျင်းပခဲ့
- ဒုတိယဗိုလ်မှူးကြီး Lamizana ကို သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခဲ့
- ၁၉၈၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဗိုလ်မှူးကြီး Zerbo ခေါင်းဆောင်သော အဖွဲ့မှ သမ္မတ Lamizana အား ဖြုတ်ချ၍ နိုင်ငံတော်အာဏာကို ရယူခဲ့
- အမျိုးသားပြန်လည်ထူထောင်ရေး စစ်ဘက်ဆိုင်ရာကော်မတီကို အမြင့်ဆုံးအာဏာပိုင် အဖွဲ့အဖြစ်တည်ထောင်ခဲ့ပြီး ၁၉၇၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့

# ၁၉၇၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အဆက်

- ၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဗိုလ်မှူး Ouedraogo ဦးဆောင်သော People's Salvation Council အဖွဲ့မှ ဗိုလ်မှူးကြီး Zerbo ဖြုတ်ချပြီး Thomas Sankara ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့
- ဂိုဏ်းဂဏကွဲပြားမှုများပေါ်ပေါက်လာခဲ့ပြီး ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် နိုင်ငံတော်အာဏာကို ထပ်မံထိန်းသိမ်းခဲ့ပြီး နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ကြီးThomas Sankara ကို တင်မြှောက်ခဲ့ကြ
- သမ္မတ Thomas Sankara သည် အမျိုးသားတော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်ကို အုပ်ချုပ်ခဲ့
- ၁၉၈၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် နိုင်ငံ၏အမည်ကို ပြောင်းလဲကြေညာခဲ့

# ၁၉၇၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အဆက်

- ၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဗိုလ်ကြီး Blaise Compaore ဦးဆောင်သောအဖွဲ့မှ သမ္မတ Thomas Sankara အား လုပ်ကြံသတ်ဖြတ်ခဲ့ပြီး နိုင်ငံတော်အာဏာကို ရယူခဲ့
- ၁၉၉၀ ပြည့်နှစ်တွင် အသွင်ကူးပြောင်းရေးအစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ပါတီစုံစနစ်၊ သမ္မတရွေးကောက်ခြင်းနှင့် ဥပဒေပြုလွှတ်တော်တို့ပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်ကို ရေးဆွဲ၍ ၁၉၉၁ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် အတည်ပြုခဲ့

# ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

- ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ၊ ဝန်ကြီးချုပ်နှင့် အမျိုးသားလွှတ်တော်တစ်ရပ်နှင့် တရားစီရင်ရေးကဏ္ဍတွင် တရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ကောင်စီ၊ တရားလွှတ်တော်၊ စာရင်းစစ် တရားရုံး၊ ပဋိပက္ခ ဖြေရှင်းရေးဆိုင်ရာခုံရုံးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိ
- ဘာကီနာဖာဆိုနိုင်ငံသည် တစ်ပြည်ထောင်စနစ်(Unitary State) ကျင့်သုံးသည့် နိုင်ငံဖြစ်- ဘာသာရေး နှင့် နိုင်ငံရေးကို စည်းခြားထားသောနိုင်ငံ (Secular State) ဖြစ်- ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ၁၉၉၇ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့

# ဥပဒေပြုရေး

- ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်ကျင့်သုံးစဉ်က လွှတ်တော်နှစ်ရပ်ပါဝင်သော ဥပဒေပြုစနစ် (Bicameral Legislative System)
- ၂၀၀၂ ပြင်ဆင်ချက်အရ လွှတ်တော်တစ်ရပ်တည်းဥပဒေပြုရေးစနစ် (Unicameral Legislative System)
- လွှတ်တော်ကိုယ်စားလှယ် ၁၁၁ ဦး၊ သက်တမ်း ၅ နှစ်
- ဥပဒေများကို အတည်ပြုပြဋ္ဌာန်းခြင်း၊ အခွန်ကောက်ခံရန်သတ်မှတ်ခြင်း၊ အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များအပေါ် ကြီးကြပ်ခြင်း၊
- ရက် ၉၀ ထက်မပိုသော ပုံမှန်အစည်းအဝေးတစ်နှစ် နှစ်ကြိမ် ကျင်းပ၊
- ပြည်သူအနည်းဆုံး ၁၅၀၀၀ ဦးသော အရေအတွက်က ဥပဒေပြုပေးပါရန် အမျိုးသား လွှတ်တော်သို့ အဆိုပြုတင်သွင်းနိုင်

# အုပ်ချုပ်ရေး

- အုပ်ချုပ်ရေးကဏ္ဍတွင် နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကောင်စီတို့ ပါဝင်
- နိုင်ငံတော်သမ္မတကို ပြည်သူများကတိုက်ရိုက်ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်
- ရာထူးသက်တမ်းမှာ ငါးနှစ်ဖြစ်- နောက်ထပ်တစ်ကြိမ် ထပ်မံရွေးကောက်ခံပိုင်ခွင့်ရှိ
- နိုင်ငံတော်၏ အကြီးအကဲဖြစ်
- အသက် ၃၅ နှစ်ပြည့်ပြီး အသက် ၇၅ နှစ်ထက်မကြီးသူ ဘာကီနာဖာဆိုနိုင်ငံသားတိုင်းသည် နိုင်ငံတော်သမ္မတ အဖြစ်ဝင်ရောက်ရွေးကောက်ခံပိုင်ခွင့်ရှိ

# အုပ်ချုပ်ရေး အဆက်

- သမ္မတအသစ်ရွေးကောက်ပွဲကို လက်ရှိနိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၂၁ ရက်နှင့် အများဆုံး ရက်ပေါင်း ၄၀ အတွင်းကျင်းပ
- နိုင်ငံတော်သမ္မတအသစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆို
- နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်တွင် ထောက်ခံဆန္ဒမဲအများဆုံးဖြင့် အတည်ပြုထောက်ခံသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်

# အုပ်ချုပ်ရေး အဆက်

- ဝန်ကြီးချုပ်သည်အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်
- နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်၏ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့တွင်ပါဝင်မည့် အဖွဲ့ဝင်များကိုခန့်အပ်
- နိုင်ငံတော်သမ္မတသည် လုပ်ငန်းတာဝန်များကို ယာယီထမ်းဆောင်နိုင်ခြင်းမရှိပါက ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတ၏တာဝန်ကို ကိုယ်စားဆောင်ရွက်
- နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပို့လာသည့် ဥပဒေကြမ်းများကို ၂၁ ရက်အတွင်း ဥပဒေအဖြစ်ထုတ်ပြန်ပြဋ္ဌာန်း
- အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းနိုင်သည့် အခွင့်အာဏာရှိ

# အုပ်ချုပ်ရေး အဆက်

- အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့၏ ဦးစီးချုပ်ဖြစ်၊ နိုင်ငံတော်အဆင့်မြင့်ကာကွယ်ရေး ကောင်စီ၏ဥက္ကဋ္ဌဖြစ်
- လွှတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လျှော့ပေါ့ခွင့်ပေးနိုင်သည့် အခွင့်အာဏာရှိ
- အစိုးရအဖွဲ့သည် အမျိုးသားလွှတ်တော်ကိုတာဝန်ခံလျက် နိုင်ငံတော်၏ အုပ်ချုပ်ရေး ကဏ္ဍကို ဆောင်ရွက်
- အပြည်ပြည်ဆိုင်ရာသဘောတူ စာချုပ်မူကြမ်းများကိုပြုစုခြင်း၊ ဥပဒေကြမ်းများကို ပြုစု ခြင်းနှင့် နိုင်ငံတော်၏ မူဝါဒများကို ချမှတ်ခြင်းတို့ကိုဆောင်ရွက်

# တရားစီရင်ရေး

- တရားစီရင်ရေးစနစ်တွင်
  - တရားလွှတ်တော်ချုပ် (The Court of Cassation)
  - တရားလွှတ်တော် (The High Court of Justice)
  - ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ (The Constitutional Council)
  - နိုင်ငံတော်ကောင်စီ (The Council of State)
  - စာရင်းစစ်တရားရုံး (The Court of Accounts)
  - ပဋိပက္ခဖြေရှင်းရေးဆိုင်ရာခုံရုံး (The Tribunal of Conflicts) နှင့်
  - ဥပဒေအရတည်ထောင်ထားသောတရားရုံးများနှင့်ခုံရုံးများ။

# တရားစီရင်ရေး အဆက်

- တရားလွှတ်တော်ချုပ်- တရားမမှုနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် အမြင့်ဆုံး စီရင်ပိုင်ခွင့်ရှိသော အပြီးသတ်တရားရုံး
- တရားလွှတ်တော်- နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုချိုးဖောက်ခြင်းနှင့် ပြည်သူ့ဘဏ္ဍာအလွဲသုံးစား ပြုလုပ်ခြင်းတို့ ကျူးလွန်သည့်အခါ နိုင်ငံတော်သမ္မတအား ပြစ်မှုကြောင်းအရစီရင်ပိုင်ခွင့်ရှိသော တရားရုံး
- နိုင်ငံတော်ကောင်စီ- စီမံခန့်ခွဲရေးဆိုင်ရာ အမှုများစီရင်ရာတွင် အမြင့်ဆုံးစီရင်ပိုင်ခွင့် ရှိသော တရားရုံး

# တရားစီရင်ရေး အဆက်

- စာရင်းစစ်တရားရုံး- ပြည်သူ့ငွေစာရင်းဆိုင်ရာ ကြီးကြပ်မှုပြုနိုင်သည့် အမြင့်ဆုံး စီရင်ပိုင်ခွင့်ရှိသောတရားရုံး
- ပဋိပက္ခဖြေရှင်းရေးဆိုင်ရာခုံရုံး- တရားရုံးများ၏ စီရင်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံး

JR

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ

- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအတွက် စီရင်ပိုင်ခွင့်ရှိ
- မူလ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးကိစ္စရပ်များကို တရားလွှတ်တော်ချုပ်က ဆောင်ရွက်ခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီကို မူလတရားစီရင်ရေးနှင့် ရောနှောထားရှိခြင်း မပြုတော့ဘဲ ဗဟို၌သာသီးသန့်စုစည်းထားရှိသည့်ပုံစံ (Model of Centralized Review) သို့ ပြောင်းလဲဖွဲ့စည်းခဲ့

# စီရင်ပိုင်ခွင့်အာဏာ

- ဖွဲ့စည်းပုံအခြေခံဥပဒေကိုအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊
- ပြဋ္ဌာန်းဥပဒေများ၊ အမိန့်များနှင့် ဘာကီနာဖာဆိုနိုင်ငံကပါဝင်ချုပ်ဆိုသော အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ ဆုံးဖြတ်ခြင်း၊
- ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ နိုင်ငံတော်သမ္မတ ရွေးကောက်ပွဲနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရွေးကောက်ပွဲများကျင်းပရာတွင် ပွင့်လင်းမြင်သာပြီး မှန်ကန်၍ တရားမျှတမှုရှိစေရန် ကြီးကြပ်ခြင်း၊
- ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကိုဆုံးဖြတ်ခြင်း၊
- ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲရလဒ်များကို တရားဝင်ကြေညာခြင်း၊
- နိုင်ငံရေးပါတီများ၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း။

# ဖွဲ့စည်းပုံ

- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီကို ဥက္ကဋ္ဌအပါအဝင် တရားသူကြီးကိုးဦး
- တရားသူကြီးများကိုရွေးချယ်ခန့်အပ်ရာတွင်- တရားရေးဝန်ကြီးဌာနမှ အမည်စာရင်းတင်သွင်းသည့် တရားသူကြီးသုံးဦး၊ နိုင်ငံတော်သမ္မတက ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသူဟုသတ်မှတ်သည့် ဥပဒေပညာရှင် သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသူဟုသတ်မှတ်သည့် ဥပဒေပညာရှင် သုံးဦး

# ဖွဲ့စည်းပုံ အဆက်

- ရာထူး သက်တမ်း- ကိုးနှစ်
- တရားသူကြီးများအနက် နိုင်ငံတော်သမ္မတ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် တရားရေးဝန်ကြီးဌာနတို့မှ အသီးသီးရွေးချယ်သည့် တရားသူကြီး သုံးဦးအနက်မှ တစ်ဦးကျစီဖြင့် စုစုပေါင်း သုံးဦးကို သုံးနှစ်လျှင်တစ်ကြိမ် အလှည့်ကျအသစ်ရွေးချယ်ခန့်အပ်

# အမှုတင်သွင်းနိုင်သူများ

- နိုင်ငံတော်သမ္မတရွေးကောက်ပွဲများတွင် ဆန္ဒမဲရလာဒ်အပေါ်မှန်ကန်မှုတမှု ရှိ မရှိနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက တင်သွင်းလျှောက်ထားနိုင်
- လွှတ်တော်ကိုယ်စားလှယ်များရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ဆန္ဒမဲရလဒ် အပေါ် မှန်ကန်မှုတမှုရှိ မရှိဆုံးဖြတ်ပေးရန် လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းလျှောက်ထားနိုင်
- ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကိုဆုံးဖြတ်ပေးရန် သက်ဆိုင်ရာရွေးကောက်ခံကိုယ်စားလှယ်လောင်းများက တင်သွင်းလျှောက်ထားနိုင်

# အမှုတင်သွင်းနိုင်သူများ အဆက်

- အမျိုးသားလွှတ်တော်သည် လွှတ်တော်ဖွဲ့စည်းပုံဆိုင်ရာဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအပါအဝင် ပြဋ္ဌာန်းဥပဒေများ၊ အမိန့်များနှင့် ဘာဂကီနာဇာဆိုသမ္မတနိုင်ငံက ပါဝင်ချုပ်ဆိုသော အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ဆုံးဖြတ်ပေးရန် တင်သွင်းနိုင်
- တင်သွင်းလွှာလွှဲအပ်တင်သွင်းနိုင်သည့်ပုဂ္ဂိုလ်များမှာ–
  - နိုင်ငံတော်သမ္မတ၊
  - ဝန်ကြီးချုပ်၊

JE

# အမှုတင်သွင်းနိုင်သူများ အဆက်

- အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့်
- အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ အနည်းဆုံး ဆယ်ပုံတစ်ပုံတို့ဖြစ်သည်။

➢ နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့်လည်း ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ဆုံးဖြတ်ပေးရန် တိုက်ရိုက်တင်သွင်းနိုင်

# ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု

ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိဟု ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စရပ် သို့မဟုတ် ဥပဒေတစ်ရပ်ကို အကောင်အထည် ဖော်ခြင်းမပြုရ

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီမှဆုံးဖြတ်ခဲ့သောအမှုအကြောင်း လေ့လာတင်ပြခြင်း

- ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့သော်လည်း အမှုစီရင်ဆုံးဖြတ်မှုများ၊ သဘောထားများနှင့် အမိန့်များကို ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထား
- ရိုးသုံးဘာသာစကားဖြစ်သည့် ပြင်သစ်ဘာသာစကားဖြင့်သာ အမှုစီရင်ဆုံးဖြတ်မှုများ၊ သဘောထားများနှင့်အမိန့်များကို PDF ဖိုင်များဖြင့်ဖော်ပြထား

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီမှဆုံးဖြတ်ခဲ့သောအမှုအကြောင်း လေ့လာတင်ပြခြင်း အဆက်

- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ တွင် ဘာကီနာဖာဆိုနိုင်ငံနှင့် International Development Association (IDA) အဖွဲ့တို့အကြား ချုပ်ဆိုခဲ့သော ရန်ပုံငွေသဘောတူညီချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ ဆုံးဖြတ်ပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်၏ လွှဲအပ်တင်သွင်းလာမှု (အမှုအမှတ် – ၂၀၂၁–၀၀၇/ CC ကို ကြားနာဆုံးဖြတ်ခဲ့

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီမှဆုံးဖြတ်ခဲ့သောအမှုအကြောင်း လေ့လာတင်ပြခြင်း အဆက်

- ကိုဗစ် ၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားပြီးနောက် ဘာဂီနာဖာဆိုသမ္မတနိုင်ငံနှင့် International Development Association (IDA) တို့သည် ကိုဗစ် ၁၉ ကပ်ရောဂါ၏ နောက်ဆက်တွဲအကျိုးဆက်များကို တုန့်ပြန်ရေးအတွက် ဘာဂီနာဖာဆိုသမ္မတနိုင်ငံအား ထောက်ပံ့မှုများပြုလုပ်ရန် သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့
- ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၈ အရ ဘာဂီနာဖာဆိုသမ္မတနိုင်ငံက ပါဝင်ချုပ်ဆိုမည့် အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သဘောတူညီမှုများတွင် နိုင်ငံတော်သမ္မတက စေ့စပ်ညှိနှိုင်းမှုပြုခြင်း၊ လက်မှတ်ရေးထိုးခြင်းနှင့် အတည်ပြုခြင်းတို့ဆောင်ရွက်ရမည် ဖြစ်ကြောင်းပြဋ္ဌာန်းထား

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီမှဆုံးဖြတ်ခဲ့သောအမှုအကြောင်း လေ့လာတင်ပြခြင်း အဆက်

- IDA နှင့်ချုပ်ဆိုသော သဘောတူညီချက်ကိစ္စတွင် နိုင်ငံတော်သမ္မတသည် အစိုးရအဖွဲ့ဝင်များအား လုပ်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းဆိုင်ရာအမိန့်အမှတ် (၇) အရ စီးပွားရေးဝန်ကြီးအား ညှိနှိုင်းမှုပြုလုပ်ရန်နှင့် သဘောတူချက်အားလက်မှတ်ရေးထိုးရန် အခွင့်အာဏာကိုအပ်နှင်းခဲ့- IDA နှင့် ချုပ်ဆိုသော သဘောတူညီချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ဆုံးဖြတ်ပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ တင်သွင်းခဲ့

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီမှဆုံးဖြတ်ခဲ့သောအမှုအကြောင်း လေ့လာတင်ပြခြင်း အဆက်

- သုံးသပ်မှုပြုရာ၌ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများကို ကူညီထောက်ပံ့မှုပေးသည့် ကမ္ဘာ့ဘဏ်၏ ဌာနခွဲတစ်ခုဖြစ်သော International Development Association နှင့်ချုပ်ဆိုသော စာချုပ်ဖြစ်ပြီး ဘာကီနာဖာဆိုသမ္မတနိုင်ငံအား ပံ့ပိုးပေးရန်နှင့် ထောက်ပံ့ကြေးကိစ္စများ ပါဝင်သည့် စာချုပ်ဖြစ်ကြောင်း
- နိုင်ငံတော်ဝန်ကြီးချုပ်သည် ကိုဗစ် ၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အရေးပေါ်ပံ့ပိုးမှုပေးရမည့် သဘောတူစာချုပ်ဖြစ်၍ တင်သွင်းလွှာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ အရေးပေါ်တင်သွင်းလာခြင်းဖြစ်သည်ဟု ကောင်စီကသုံးသပ်ခဲ့

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီမှဆုံးဖြတ်ခဲ့သောအမှုအကြောင်း လေ့လာတင်ပြခြင်း အဆက်

- တင်သွင်းလာသည့်ကိစ္စရပ်အား စီရင်ပိုင်ခွင့်အာဏာရှိပြီး ဆုံးဖြတ်ချက်ကို ရှစ်ရက်အတွင်း ချမှတ်ရန်ဖြစ်သဖြင့် အကဲဖြတ်စိစစ်ခဲ့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည့်အချက်တစ်စုံတစ်ရာ မတွေ့ရှိပေ။
- ရန်ပုံငွေထောက်ပံ့မှုဆိုင်ရာ သဘောတူညီချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်းဆုံးဖြတ်ချက်ချမှတ်ခဲ့

# နိဂုံး

- ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့
- ယနေ့အထိ နိုင်ငံရေးတည်ငြိမ်မှုမရှိ
- တရားစီရင်ရေးကဏ္ဍတွင် တရားလွှတ်တော် (High Court) ကို ဖွဲ့စည်းထားရှိသော်လည်း တရားလွှတ်တော်သည် တရားမဆိုင်ရာနှင့် ပြစ်မှုဆိုင်ရာမူလစီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးမဟုတ်ဘဲ နိုင်ငံတော်သမ္မတအား ပြစ်မှုကြောင်းအရ တရားစီရင်ရန် သီးသန့်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ကြောင်း ထူးခြားချက်အဖြစ် လေ့လာတွေ့ရှိရ

# နိဂုံး အဆက်

- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြင်းပွားမှုများကိုသာမက နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်အတွက် တရားစီရင်ရေးရှုထောင့် သက်သက်သာစီရင်ဆုံးဖြတ်ခြင်းမဟုတ်ဘဲ နိုင်ငံရေးရှုထောင့်အရပါ ကိုင်တွယ်ဖြေရှင်း ခွင့်ရှိကြောင်း လေ့လာတွေ့ရှိရ
- နိုင်ငံတော်သမ္မတရွေးကောက်ပွဲများ၌ ဆန္ဒမဲရလာဒ်အပေါ် မှန်ကန်မှုတမှု ရှိ မရှိ နှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော်လည်း တပ်မတော်မှဦးဆောင်၍ နိုင်ငံတော် သမ္မတအား ခန့်အပ် တင်မြှောက်ခြင်းများသာဖြစ်၍ သမ္မတရွေးကောက်ပွဲများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ အခန်းကဏ္ဍကိုလေ့လာရာ၌ အချက်အလက် နည်းပါး

ကျေးဇူးတင်ရှိပါသည်။